**(၄) ပဲမျိုးစုံဖားဥမှိုရောဂါ (Powdery mildew)**

**ရောဂါဖြစ်စေသောသက်ရှိ - *Erysiphe polygoni* auct. p.p (*Erysiphe pisi* var. *pisi*)**

**ရောဂါလက္ခဏာ**

အရွက်ပေါ်တွင်သေးငယ်သော အဖြူရောင် အကွက်များဖြစ်ပေါ်သည်။ အရွက် မျက်နှာပြင်တစ်ခုလုံးပေါ်၌ ပေါင်ဒါမှုန့်များ ပက်ဖြူးထားသည့် အသွင်မျိုး တွေ့ရသည်။ အသီးတောင့်များတွင်ရောဂါကျရောက်ပါက အတောင့်များမှာသေးကွေး ကြုံလှီပြီး ပုံပျက် လာကာ တွန့်၍ခြောက်သွားသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ဒေသအလိုက်ခံနိုင်ရည်ရှိသောမျိုးကိုသုံးပါ။
- ပဲမျိုးနွယ်ဝင်မဟုတ်သော သီးနှံများဖြင့် အလှည့်ကျစိုက်ပါ။
- ပင်ကြွင်းပင်ကျန်များအား ဖယ်ရှားဖျက်ဆီးပါ။
- ရောဂါကျရောက်ပါက Sulfur ပါဝင်သောဆေး၊ Chlorothalonil (ကလိုရိုသာလိုနေးလ်) ၊ Tebuconazole (တက်ဗျူကိုနာဇိုး)၊ Propiconazole (ပရိုပီကိုနာဇိုး)၊ Kresoxim Methyl (ကရီဆိုဇင်မ် မီသိုင်း)၊ စသောမှို သတ်ဆေးများဖြင့် ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်ပါသည်။